ဇေတဝန်ကျောင်းတော်သို့ ပို့၍ **အရှင်သာရိပုတြာထံ အပ်နှံ** လေသည်။

**အမှာ။** ။[ကျမ်းဂန်၌ "မည်ကဲ့သို့ အရေးပါသည်" ဟု သေချာစွာ မပြသော်လည်း ဝတ်ကောင်း စားကောင်း ဆင်ပြင် ကျွေးမွေးခြင်း "ဂိဟိကာလေ ကတ္တဗ္ဗသက္ကာရံ အဇ္ဇေဝ ကရိဿာမ=လူ့ဘောင်၌ ပြုထိုက်သော သက္ကာရကို တနေ့တည်းဖြင့် အပြီးပြုမည်" ဟု ဆိုလိုဟန် တူသည်။]

**ရှင်သာမဏေပြုခြင်း။** ။ကျောင်းတော်သို့ ရောက်လာသော အခါ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြ၍ ထို ကမ္မဋ္ဌာန်းကို ဆင်ခြင်စေလျက် ခေါင်းရိတ်ပေးကာ ရှင်သာမဏေပြုပေးတော်မူလေသည်။ [ရှင်ပြုဘို့ ခေါင်းရိတ် ခါနီး၌ တစပဉ္စက ကမ္မဋ္ဌာန်းကို ထို ရှေးခေတ်ကပင် သင်ပေး လေ့ ရှိသည်။]

**အလှူပေးခြင်း။** ။မိဘတို့ကလည်း ၇-ရက်ပတ်လုံး ဇေတဝန် ကျောင်းတိုက်မှာပင် နေလျက် ဘုရား အမှူးရှိသော သံဃာတော်တို့အား ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ပြီးမှ အိမ်သို့ ပြန်ခဲ့ကြလေသည်။ [မိဘတို့ မပြန်ခင် ၇-ရက်အတွင်း၌ ရှင်ပဏ္ဍိတကလေးမှာ စိတ်နေ စိတ်ထား ပုံပြင်နည်းများ အတော်ရပြီး ဖြစ်နေလောက်ပေပြီ။]

**ရေတွေကို မေးခြင်း။** ။ရှစ်ရက်မြောက် နံနက်၌ အရှင်သာရိပုတြာသည် ၇-နှစ်သားအရွယ် ပဏ္ဍိတသာမဏေငယ်နှင့် အတူ ဆွမ်းခံ ကြွတော်မူလေသော်....လမ်းခရီးအကြား၌ ရေမြောင်း တခုကို ကိုရင်ပဏ္ဍိတ မြင်၍....